## သင့်အနေနှင့်သခင်ယေရှု၏ နောက်တော်သို့လိုက်ရုံမျှသာ

မိမိတို့အနေနှင့် ကိုယ်ဘာလုပ်နေမှန်းမသိသည့်တိုင် ထိုအချိန်မျိုးတွင် အကောင်းဆုံးအရာကို သခင်ယေရှုအစဉ်အမြဲသိသည်။ သူ့ကိုနာခံလျက် သူ၏နောက်တော်သို့ မိမိတို့လိုက်နေသမျှကာလပတ်လုံး ဘုရားရှင်က ဦးဆောင်လမ်းပြသွားလိမ့်မည်ဖြစ်ပြီး မိမိတို့သည် ၎င်းတို့သိုးထိန်းနှင့်အတူရှိသော သိုးများကဲ့သို့မကြာမီ ကာလအတွင်းမိမိတို့ ဘယ်အရပ်ဆီသို့သွားနေကြောင်း သိရလိမ့်မည်။ သခင်ယေရှုက ကောင်းသောသိုးထိန်းသည် 'သိုးများကိုထုတ်သောအခါ သိုးတို့ရှေ့မှသွား၍ သိုးများသည်သူ၏စကားသံကို ကျွမ်းသောကြောင့်လိုက်တတ်ကြ၏' ဟုပြောကြားသည်။ (ယော ၁၀း၄) သခင်ယေရှုသည် ကောင်းသောသိုးထိန်းဖြစ်ပြီး ရှေ့တွင်ဘာရှိနေကြောင်းကိုသူသိသည်။ အေးမြသောကျက်စားရာ အရပ်များနှင့် တောင်ကြားလမ်းများ ဘယ်နေရာတွင်ရှိကြောင်း သူသိသည်။ အေးမြသည့်စမ်းချောင်းစီးနေရာကို သူသိသည်။ သိုးစုများအဘယ်အရပ်ရှိကြောင်း သင့်အတွက် လုံခြုံစိတ်ချရမည့်နေရာ အစရှိသည့်တို့ကို သူသိသကဲ့ သို့အန္တရာယ်ရှိသည့်နေရာများကိုလည်း သူသိသောကြောင့်သင်သည် သူနှင့်နီးကပ်စွာ ရှိနေသင့်သည်။

သင်သည် ဘုရားသခင်၏ လက်တော်၏လမ်းပြ စောင့်ရှောက်မှုနောက်သို့ အစဉ်သဖြင့် လိုက်ပါသင့်ပြီး အခြေအနေကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့်သာ ကိုင်တွယ်လုပ်ဆောင်မသွားနိုင်ပါ။ မိမိ၏ကိုယ်ပိုင် အတွေ့အကြုံ သို့မဟုတ် ပညာပေါ်၌သာ အမှီသဟဲပြုခါ စံစားခြင်းမပြုသင့်။ ဘုရားသခင်၏ သဘာဝလွန် ထူးဆန်းအံ့ဩဖွယ်ရာ တန်ခိုးစွမ်းအားနှင့် ပြည့်စုံသော ဦးဆောင်လမ်းပြမှုကို သင်ရှာရမည်။ ဘုရားရှင်၏ လက်တော်ဖြင့် လမ်းပြမှုကိုသင်ခံရမည်။ သခင်ယေရှု၏ နောက်တော်သို့ သင်လိုက်လျှောက်လျှင်ဘယ်သောအခါမျှ မမှားနိုင်။ သူသည်သင်နှင့်အတူရှိနေပြီး ဘာလုပ်ရမည်ကို အတိအကျသိသည်။ သူ၏ရှေ့သို့အလောတကြီးတိုးထွက်ခြင်း သို့မဟုတ် မိမိကသွားသင့်သည်ဟုထင်သောလမ်းကို သူ့အားပြသခြင်းမပြုပါနှင့်။ သူသာလျှင်လမ်းပြဦးဆောင်နိုင်သောကြောင့် သူသာလျှင်လမ်းကိုပြသူဖြစ် သင့်သည်။

သင်၏ဆုတောင်းကအစဉ်သဖြင့် "သခင်ဘုရား ကျွန်ုပ်ကိုယ်တော်၏ နောက်တော်သို့လိုက်ပါမည်။ ကျွန်ုပ်ကိုလမ်းပြတော်မူပါ" ဟူ၍သာဖြစ်စေပါ။